# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 27 , 2022 Volume 61, Number 18


၂၇.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၂၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၇.၆၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၂.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၂၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၆၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော ငါးသလောက်များ ရန်ကုန်ဈေးကွက်တွင် အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ဒေသထွက်ငါးသလောက်များ ရန်ကုန်ဈေးကွက်တွင် အရောင်းသွက်နေကြောင်း ပုသိမ်မြို့ရှိ ငါးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ငါးသလောက်များကို ဒီဇင်ဘာလ ပထမပတ်မှစ၍ ယနေ့ (ဒီဇင်ဘာ-၂၆)ထိ ရန်ကုန်ဈေးကွက်တွင် အရောင်းသွက်နေသဖြင့် တစ်ရက်လျှင် ငါးသလောက်ပိဿာချိန် ၃၅၀၀၀၀ ထိ တင်ပို့ရောင်းချနေရပြီး ယခင်က တစ်ရက်လျှင် ငါးသလောက်ပိဿာချိန် ၁၂၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။

"လက်ရှိ ရန်ကုန်ငါးဈေးကွက်ကို တစ်ရက် ရေထွက်ကုန်တင်တဲ့ ကုန်တင်ကားငါးစီးနဲ့ ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ အခုလအတွင်းမှာ ရန်ကုန်ဘက်ကိုငါးသလောက်တွေ အများဆုံးတင်ပို့ရောင်းချနေရပါတယ်။ ပြင်ပငါးသလောက်ဈေးကွက် ပြန်ပွင့်လာတာကြောင့် အခုလို ငါးသလောက်တွေ အဝယ်လိုက်နေတာပါ။ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က ဆက်လက်အဝယ်လိုက်နေဖို့ရှိတယ်လို့ သိရပါတယ်။ ငါးသလောက်ဈေးကလည်း နည်းနည်းမြောက်လာပါတယ်။ ဒါကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေ အဆင်ပြေလာပါတယ်" ဟု ပုသိမ်မြို့ရှိ ငါးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း စသည့်မြို့နယ်များတွင် ရေချိုငါးသလောက်များထွက်ရှိပြီး လပွတ္တာမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ် စသည့်မြို့နယ်များမှ ရေငန်ငါးသလောက်များထွက်ရှိကြောင်း၊ ထွက်ရှိသည့်ငါးသလောက်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ငါးသလောက်တစ်ပိဿာလျှင် ယခင်က အကောင်အရွယ်အစားအလိုက် ငွေကျပ် ၁၅၅၀၀ မှ ၂၅၅၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိတွင် ငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၃၆၅၀၀ ထိ ဈေးကောင်းလာကြောင်း၊ အဆိုပါ ငါးသလောက်များသည် မွေးမြူ၍မရခြင်းကြောင့် ထိန်းသိမ်းရေးရေိယာ သတ်မှတ်ချက်များချမှတ်ပြီး ငါးလုပ်ငန်းဦးစီးဌာနက နှစ်ပေါင်း ၂၀ ကျော် ထိန်းသိမ်းလာကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဒီဇင်ဘာလအတွင်း နယ်စုံမှဝင်ရောက်လာသော မြေပဲဆန်များ ပြည်ပဈေးကွက် ဝယ်လက်များရှိ



Source: မြန်မာ့အလင်းသတင်းစာ

ဒီဇင်ဘာလအတွင်း ဆောင်းမြေပဲများ နယ်စုံတွင်စတင်ထွက်ပေါ်နေသဖြင့် ပြည်ပဈေးကွက်ရှိ ပွဲရုံများသို့ လာရောက်ရောင်းချလျက်ရှိသည်။ နယ်စုံမှဝင်ရောက်လာသော မြေပဲဆန်ကို ပြည်ပဈေးကွက်မှတစ်ဆင့် ဝယ်လက်များ ဝယ်ယူမှုရှိသဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုအပတ်တွင် ပြည်ဈေးကွက်သို့ နယ်စုံမှတစ်နေ့လျှင် မြေပဲဆန်အိတ် ၁၄၀၀/၁၅၀၀ ခန့်ဝင်ရောက်လာခဲ့ကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် မြေပဲဆန်လုံးဆန်(အနီ)ကို မန္တလေးဝယ်လက်များအဝယ်ရှိပြီး ဆီစက်များက ဆီကြိတ်မြေပဲဆန်ကို ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင်အိတ် ၁၀၀၀/၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်က မြေပဲဆန်လုံးဆန်(အဖြူ)ကို မြဝတီသို့တင်ပို့ရန် ဝယ်ယူမှုရှိပြီး ယခုအပတ်တွင် ဝယ်လက်ပျောက်သွားသဖြင့် ဈေးအနည်းငယ်ကျဆင်းလာခဲ့သည်။

ယခုအပတ်မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၄၃၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ယခင်အပတ်ထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးကျလာခဲ့ပြီး၊ မြေပဲဆန်လုံး ဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် ဒေသတွင်း ပဲလှော်ဖိုသမားများနှင့် မန္တလေးဝယ်လက်သမားများ ဝယ်ယူမှုရှိသဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ဈေးမြင့်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မတ်ပဲဈေးဆက်ကျနေ

ရေဝတီတိုင်းဒေသကြီးမှာ မတ်ပဲအသစ်များ ဈေးကွက်အတွင်းအဝင်ရှိနေပြီး ပေါ်ကာစရက်ပိုင်းအတွင်း တစ်တင်းဈေးနှုန်း ကျပ် ၆၀၀၀၀ ရရှိခဲ့ပေမယ့် နောက်ရက်တွေမှာ တဖြည်းဖြည်း ဈေးကျဆင်းလာတာကိုတွေ့ရပါတယ်။ မတ်ပဲအသစ်ဈေးကျတာနဲ့အတူ မတ်ပဲဟောင်းဈေးနှုန်းကလည်း ကျပ် ၁၀၀၀ ဝန်းကျင်ဈေးအကွာနဲ့ ဈေးနှုန်းလိုက်ကျဆင်းနေပါတယ်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ မတ်ပဲဈေးနှုန်းတွေကတော့ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ မတ်ပဲသစ်က တစ်တင်းဈေးနှုန်း ကျပ် ၅၈၀၀၀ နဲ့ မတ်ပဲဟောင်းက တစ်တင်းဈေးနှုန်း ကျပ် ၅၇၀၀၀၊ ၁၉ ရက်နေ့နဲ့ ၂၀ ရက်နေ့တွေမှာ မတ်ပဲသစ်ဈေးနှုန်း ကျပ် ၅၇၀၀၀ နဲ့ မတ်ပဲဟောင်းဈေးနှုန်း ကျပ် ၅၆၀၀၀၊ ၂၁ ရက်နေ့မှာ မတ်ပဲသစ် ကျပ် ၅၈၀၀၀နဲ့ မတ်ပဲဟောင်း ကျပ် ၅၇၀၀၀၊ ၂၂ ရက်နေ့မှာ မတ်ပဲသစ် ကျပ် ၅၇၀၀၀ နဲ့ မတ်ပဲဟောင်း ကျပ် ၅၆၀၀၀၊ ၂၃ ရက်နေ့မှာ မတ်ပဲသစ် ကျပ် ၅၇၀၀၀ နဲ့ မတ်ပဲဟောင်း ကျပ် ၅၆၅၀၀၊ ၂၄ ရက်နေ့မှာ မတ်ပဲသစ် ကျပ် ၅၆၅၀၀ နဲ့ မတ်ပဲဟောင်း ကျပ် ၅၆၀၀၀၊ ၂၆ ရက်နေ့မှာ မတ်ပဲသစ် ကျပ် ၅၅၇၀၀ နဲ့ မတ်ပဲဟောင်း ကျပ် ၅၅၅၀၀ အသီးသီး ဖြစ်ခဲ့ပါတယ်။

အခြားပဲအမျိုးအစားတွေထဲမှာလဲ ယခုရက်ပိုင်းမှာ ပဲတီစိမ်းအနီက ယခင်တစ်တင်းဈေးနှုန်း ကျပ် ၉၀၀၀၀ အထက်ကနေ ယခုဈေးနှုန်း ကျပ် ၉၀၀၀၀ အောက်ကျဆင်းသွားတာကလွဲလို့ ကျန်ပဲအမျိုးအစားများမှာ ဈေးငြိမ်နေတာ၊ ဈေးအနည်းငယ်တက်လာတာတွေ့ရပါတယ်။ မတ်ပဲတစ်မျိုးတည်းသာ တဖြည်းဖြည်းဈေးအကျဘက်ကို ဆင်းနေတာဖြစ်ပါတယ်။

အဓိက မတ်ပဲဈေးကွက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာလည်း ချနိုင်းဈေးကွက်မှာ မတ်ပဲဈေးကျဆင်းနေကြောင်းသိရပါတယ်။ ခရစ်စမတ်နဲ့နှစ်သစ်ကူးပိတ်ရက်တွေကြောင့် အရောင်းအဝယ်ကျဆင်းနေပြီး မြန်မာဘက်ကလည်း မတ်ပဲရောင်းလိုအားကျနေပါတယ်။ ဒီဇင်ဘာလအထိ ချနိုင်းဆိပ်ကမ်းကို မတ်ပဲဝင်ရောက်မှုက တန်ချိန် ၃၁၀၀၀ ဖြစ်ပါတယ်။ တင်သွင်းသမျှ မတ်ပဲအားလုံးဟာလည်း ဈေးကွက်ထဲတန်းရောက်ပြီး ဝယ်လိုအားကောင်းနေတယ်လို့ဆိုပါတယ်။

မြန်မာဘက်ကမတ်ပဲအသစ်က မတ်လလောက်မှစတင်ပြီး အိန္ဒိယကိုတင်သွင်းမယ်လို့ ခန့်မှန်းထားပြီးတော့ မတ်ပဲဟောင်းကလည်း လက်ကျန်နည်းနေတဲ့အတွက် မြန်မာကုန်သည်တွေဘက်က ဈေးအနိမ့်နဲ့ရောင်းချလိုခြင်း မရှိကြဘူးလို့ Agri World Mumbai က ဖော်ပြထားပါတယ်။

အိန္ဒိယနိုင်ငံအတွက် နောက် ၁၀ လအတွင်းမတ်ပဲလိုအပ်ချက်တွက်ချက်မှုအရ မိုးစိုက်မတ်ပဲလက်ကျန် တန်ချိန် ၆-၇ သိန်း၊ ဆောင်းမတ်ပဲ တန်ချိန် ၃-၃.၅ သိန်း၊ ပြည်ပကနေတင်သွင်းရမှာက တန်ချိန် ၅-၆သိန်း၊ စုစုပေါင်း တန်ချိန် ၁၆-၁၆.၅ ရှိမယ်လို့ခန့်မှန်းကြောင်း Agri World Mumbai ကဖော်ပြထားပါတယ်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်မှ ၂၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သောပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၅၀၇၀၃၇၀ ဒသမ ၃၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၇၈၀၂၅၀ ဒသမ ၅ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နှမ်း၊ ကြံ၊ ဆန်၊ ပြောင်း၊ မြေပဲဆန်၊ ပိုးလုံးအိမ်(DRIED COCOON)၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ ဇရော်သီး၊ ဖရဲသီးနှင့်ဆန်ကွဲများတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၈၁၄၈၈၁ ဒသမ ၈၅ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၂၅၅၄၈၈ ဒသမ ၄၆ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ ဓါတုဗေဒ ချည်ခင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဒီဇယ်အင်ဂျင်၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၅၂၁၄၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၂၈၁၀၅ ဒသမ ၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁ ဒသမ ၂၀ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနော‌မြေကုန်သွယ်မှုဗဟိုဌာန

## ပြည်ပတင်ပို့မှုနည်းသဖြင့် ပဲတီစိမ်းဈေးကျဆင်း




ပြည်ပကို တင်ပို့မှု ကျဆင်းနေတဲ့အတွက် လက်ရှိမှာ ပဲတီစိမ်းဈေးတွေ ကျဆင်းနေတယ်လို့ ဈေးကွက်ထဲက သိရပါတယ်။ အိန္ဒိယက မြန်မာ့ပဲတီစိမ်း ဝယ်ယူမှုကို ရပ်ဆိုင်းထားသလို တရုတ်နိုင်ငံကိုတင်ပို့ရာမှာလည်း နယ်စပ်ကုန်သွယ်ရေး အခက်အခဲတွေကြောင့် တင်ပို့မှုကျဆင်းနေတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနဲ့နှမ်းကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ အင်ဒိုနီးရှားကို တင်ပို့ဖို့ရှိပေမယ့် သီးနှံကာကွယ်ရေးဌာနခွဲက COA Certificate မရရှိသေးတဲ့အတွက်လည်း မတင်ပို့နိုင်သေးတာပါ။ အရင်နှစ်တွေက မတ်ပဲ၊ ပဲစင်းငုံနဲ့ပဲတီစိမ်းမှာ ပဲတီစိမ်းဈေးဟာ အမြင့်ဆုံးဖြစ်ခဲ့ပေမယ့် လက်ရှိမှာတော့ ပဲတီစိမ်းဈေးဟာ ပဲသုံးမျိုးထဲ အနိမ့်ဆုံးဖြစ်နေတယ်လို့ သိရပါတယ်။

လက်ရှိမှာ မတ်ပဲ FAQ တစ်တန်ကို ကျပ် ၁၇ သိန်း ၄ သောင်းကျော်၊ ပဲစင်းငုံနီက ၁၇ သိန်း ၆ သောင်းခွဲရှိပြီး အလယ်အလတ် အရည်အသွေးရှိတဲ့ ပဲတီစိမ်းကတော့ ကျပ် ၁၃ သိန်းကနေ ၁၅ သိန်း ဝန်းကျင်မှာပဲ ရှိတယ်လို့ သိရပါတယ်။ အိန္ဒိယက မြန်မာ့ပဲတီစိမ်းကို တင်သွင်းခွင့် ပိတ်ထားတာ ၂ နှစ်ဝန်းကျင် ရှိပြီဖြစ်ပြီး ပြန်ဖွင့်ပေးဖို့အတွက် သက်ဆိုင်ရာ

ဌာနတွေကို တင်ပြထားတယ်လို့ အသင်းတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အင်ဒိုနီးရှားကို တင်ပို့ဖို့အတွက်လည်း ခေတ်ခွဲခန်းထောက်ခံချက် အမြန်ရရှိဖို့ လိုအပ်တယ်လို့ ပဲဈေးကွက်ကျွမ်းကျင်သူတွေက ပြောပါတယ်။ ပဲအသစ်ပေါ်မယ့် ရာသီချိန်လည်း ရောက်နေပြီဖြစ်တဲ့အတွက် လာမယ့်နှစ်အထိ ပြည်ပတင်ပို့မှုနည်းနေရင် ဈေးပိုကျဆင်းနိုင်တယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို BloombergMyanmar မှကူးယူဖော်ပြပါသည်။**

Source: https://t.me/htwettoe

## ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်းနဲ့ ကွန်ပျူတာထုတ်လုပ်ရောင်းချမှု ဆက်လက်ကျဆင်းဖွယ်ရှိနေ

ကမ္ဘာတစ်ဝန်းမှာ စမတ်ဖုန်းနဲ့ကွန်ပျူတာထုတ်လုပ်ရောင်းချမှုတွေဟာ ယခုနှစ်အပြင် နောက်နှစ်မှာပါ ဆက်လက်ကျဆင်းမယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။

၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းမှာ ကွန်ပျူတာထုတ်လုပ်မှုဟာ ဒေါ်လာ ဘီလီယံ ၂၃၀ရှိလာနိုင်ပြီး ဒါဟာ ပြီးခဲ့တဲ့နှစ်ကထက် ၂ ရာခိုင်နှုန်း ကျဆင်းတာဖြစ်ပြီး လာမယ့်နှစ်မှာ နောက်ထပ် ၄ ရာခိုင်နှုန်းကျဆင်းမယ်လို့ ကျွမ်းကျင်သူတွေကဆိုပါတယ်။

စမတ်ဖုန်းနဲ့ အလားတူ မိုဘိုင်းစက်ပစ္စည်းတွေထုတ်လုပ်မှုဟာ ယခုနှစ်အတွင်း ဒေါ်လာဘီလီယံ ၃၃၀ ရှိပြီး ပြီးခဲ့တဲ့နှစ်ကထက် ၆ ရာခိုင်နှုန်းကျဆင်းသွားခဲ့ရာ လာမယ့်နှစ်မှာတော့ ၂ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

ကပ်ရောဂါကြောင့် နေအိမ်ကနေ အလုပ်လုပ်ဖို့ ဝယ်ယူမှုတွေကြောင့် ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်းနဲ့ ကွန်ပျူတာဝယ်လိုအားဟာ ပြီးခဲ့တဲ့နှစ်ကမြင့်တက်ခဲ့ပေမယ့် တရုတ်အပါအဝင် အခြားနိုင်ငံတွေရဲ့ စီးပွားရေးကျဆင်းမှုကြောင့် ဝယ်လိုအားကျဆင်းခဲ့ပါတယ်။

ဒါ့အပြင် ကမ္ဘာလုံးဆိုင်ရာ ချစ်ပ်ရှားပါးမှုနဲ့ ဆက်စပ်ပစ္စည်းတွေထောက်ပံ့ရေး ကွင်းဆက်ပြဿနာတွေကလည်း စမတ်ဖုန်းနဲ့ ကွန်ပျူတာထုတ်လုပ်ရောင်းချမှု ကျဆင်းလာခြင်းရဲ့ အကြောင်းရင်းတစ်ရပ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ပြောဆိုပါတယ်။

Source: http://sdtimedaily.com/

## မြန်မာ-ထိုင်းနယ်စပ်ရှိ ဆင်းခွန်ဂိတ် နှစ်သစ်ကူးသုံးရက်ပိတ်မည်

မြန်မာ-ထိုင်းနယ်စပ်ရှိ ဆင်းခွန်ဂိတ်ကို နှစ်သစ်ကူးသုံးရက်သတ်မှတ်ပြီး ထိုင်းဘက်က ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော်တောင်မြို့ မော်တောင်နယ်စပ်နှင့် ကုန်သွယ်မှုပြုလုပ်နေသည့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ဆင်းခွန်ဂိတ်ကို ထိုင်းနိုင်ငံဘက်က နှစ်သစ်ကူးသုံးရက် ပိတ်ထားမည်ဖြစ်ကြောင်း ပရာကျွတ်ခီရီခံခရိုင် ဝန်ရုံးမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ပီမိုင်ဟုခေါ်သော နှစ်သစ်ကူးကာလရုံးပိတ်ရက်ကို သုံးရက်တာသတ်မှတ်ထားပြီး ထိုင်းနိုင်ငံဘက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ နယ်စပ်ဂိတ်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ "ထိုင်းနိုင်ငံဘက်က ကြေညာချက်ထုတ်ပြီး ပိတ်တာပါ။ မြန်မာနိုင်ငံကတော့ ပုံမှန်အတိုင်း ရုံးဌာနတွေ လုပ်ငန်းလည်ပတ်နေမှာပါ။ ထိုင်းဘက်မှာ အဲဒီသုံးရက်အတွင်း ရုံးတွေ၊ ကျောင်းတွေအကုန်ပိတ်ပြီး နှစ်သစ်ကူးအားလပ်ရက်ဖြစ်တယ်။ ဒါကြောင့် ၃၀ ရက်နေ့ကနေ ၁ ရက်နေ့အထိ ကျွန်တော်တို့ ကုန်သွယ်မှုလုပ်လို့မရပါဘူး။ ထိုင်းဘက်က ဆင်းခွန်နယ်စပ်ဂိတ်ကိုလည်း ပိတ်ထားမယ်" ဟု မော်တောင်နယ်စပ်မှ ကုန်သွယ်မှုပြုလုပ်နေသူ ဦးဇော်ထွန်းက ပြောကြားသည်။

ဆင်းခွန်နယ်စပ်ဂိတ်မှာ အထူးယာယီ နယ်စပ်ဂိတ်ဖြစ်ပြီး ကုန်သွယ်မှုကန့်သတ်ဆောင်ရွက်နေသည့် ဂိတ်တစ်ခုဖြစ်သည်။ "ကုန်သွယ်မှုက ပုံမှန်အနေထားမဟုတ်တော့ဘူး။ အခုနောက်ပိုင်းမှာ ကုန်ပစ္စည်းပို့လို့ မကိုက်တော့ဘူး။ ထိုင်းဘတ်တွေကို ၆၅ ရာခိုင်နှုန်း ၃၅ ရာခိုင်နှုန်းစနစ်နဲ့ ပြန်လဲပေးရတော့ တစ်နိုင်တစ်ပိုင်ကုန်သည်ငယ်တွေတော့ လုပ်ငန်းနားသွားကြပြီ။ ကုမ္ပဏီကြီးတချို့ပဲတောင့်ခံပြီး အလုပ်ဆက်လုပ်နေကြရတယ်။ ကုန်သွယ်မှု တဖြည်းဖြည်းကျဆင်းလာနိုင်တယ်"ဟု မော်တောင်နယ်စပ်မှ ကုန်သည်တစ်ဦးက ပြောကြားသည်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ဆင်းခွန်ဂိတ်မှာ ထိုင်းနိုင်ငံဘက်မှ ကုန်သွယ်မှုကန့်သတ်ထား သလို လူဝင်/လူထွက်များလည်း ပိတ်ထားဆဲဖြစ်ကြောင်းသိရသည်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားချိန်မှစတင်ပြီး မကြာခဏ ဆင်းခွန်နယ်စပ်ဂိတ်ပိတ်ခြင်းများ ပြုလုပ်နေသလို ယခုအချိန်အထိ ကုန်သွယ်မှုနှင့်လူဝင်လူထွက်ကန့်သတ်ထားသည့်ဂိတ်တစ်ခုဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242239

## တူရကီနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများတင်သွင်းမှုအတွက် အခွန်ကောက်ခံမှုကို သုံည(၀%) ထိလျှော့ချ



https://www.commerce.gov.mm

တူရကီနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများ တင်သွင်းမှုများအတွက် အခွန်ကောက်ခံမှုများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ အထိ သုံည (၀%) အထိ လျှော့ချမည်ဖြစ်ကြောင်းကို (၁၅-၁၂-၂၀၂၂)ရက်နေ့တွင် တူရကီအစိုးရမှ တရားဝင် ကြေငြာကြောင်းသိရသည်။ တူရကီနိုင်ငံသည် စပါး၊ ဆန်ညိုနှင့် ဆန်ဖြူများကို ပြည်တွင်းထုတ်လုပ်မှု မြင့်မားလာစေရန် စပါးတင်သွင်းမှုများအတွက် သွင်းကုန် အခွန် (၃၄%), ဆန်ညိုတင်သွင်းမှုများအတွက် သွင်းကုန်အခွန် (၃၆%)နှင့် ဆန်ဖြူ တင်သွင်းမှုများအတွက် သွင်းကုန်အခွန် (၄၅%)အထိ အသီးသီးချမှတ်ထားပါသည်။ သို့သော်လည်း လာမည့် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းစားသောက်မှုဖူလုံစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့အထိ စပါး၊ ဆန်ညိုနှင့်ဆန်ဖြူများတင်သွင်းမှုနှင့်ပတ်သက်၍ သွင်းကုန်အခွန်ကို (၀%)သတ်မှတ်လိုက်ကြောင်းသိရှိရသည်။

Source: **tridge.com**

https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80

## တောင်ကိုရီးယားက နီပေါသို့ နို့ထွက်ပစ္စည်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နွားမတမ်းများ လေကြောင်းဖြင့်ပေးပို့



https://www.foodindustrydirectory.com.mm

တောင်ကိုရီးယားမှ လေကြောင်းလိုင်း Asiana Airlines မှ ၂၀၂၂ ဒီဇင်ဘာလ ၂၂ ရက်တွင် တောင်ကိုရီးယားမှနီပေါသို့ ပျံသန်းသည့်လေယာဉ်ခရီးစဉ်တွင် နို့စားနွားမ ၄၂ ကောင်ကို ပို့ဆောင်ပေးခဲ့သည်။ ၎င်းနွားမများသည် Holstein နွားမတမ်း ၁၀၁ ကောင်နှင့်အတူ မျိုးယူရန် နွားသိုးနှစ်ကောင်တို့ကို တောင်ကိုရီးယားမှ နီပေါသို့ လှူဒါန်းသည့်အစီအစဉ်၏ ပထမဆုံး အသုတ်ကို ပေးပို့ခြင်းဖြစ်သည်။ မျိုးကောင်းမျိုးသန့် နွားများမွေးမြူခြင်းဖြင့် နွားများ၏ မျိုးရိုးဗီဇတိုးတက်မှုမှတစ်ဆင့် နီပေါ နိုင်ငံ၏ နို့ထွက်ပစ္စည်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

ကုန်းတွင်းပိတ်နိုင်ငံ နီပေါ၏မြို့တော် ခတ္တမန္ဒူရှိ Tribhuvan International Airport သို့ ပေးပို့ခြင်းဖြစ်သည်။ ကျန်ရှိသည့် နွားများကို ၃ သုတ်ခွဲပြီး Korean Air လေကြောင်းလိုင်းမှ လေယာဉ်ဖြင့်ပေးပို့မည်ဖြစ်သည်။ လှူဒါန်းမှုသည် ကိုရီးယား၊ နီပေါအစိုးရများနှင့် Heifer International တို့ ပူးပေါင်းလုပ်ဆောင်သည့် "နဂါးငွေ့တန်း""Milky Way" ပရောဂျက်၏ အပိုင်းကဏ္ဍတစ်ခုဖြစ်သည်။ နီပေါ၏ နို့ထွက်ပစ္စည်းကဏ္ဍကို ပြောင်းလဲတိုးတက်စေရန် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

နိုင်ငံတကာဈေးကွက်တွင် နွားမတမ်းများသည် တစ်ကောင်လျှင် ကန်ဒေါ်လာ ၃,၀၀၀ ပေါက်ဈေးရှိပြီး နွားသိုး တစ်ကောင်လျှင် ဒေါ်လာ ၂၀၀,၀၀၀ ပေါက်ဈေးရှိသည်။ တောင်ကိုရီးယားမှနီပေါသို့ လေယာဉ်ပျံသန်းချိန် ၆ နာရီဝန်းကျင် ကြာမြင့်ပြီး လေကြောင်းဖြင့်ပို့ဆောင်စရိတ်သည် ကန်ဒေါ်လာ ၅၀၀,၀၀၀ ဝန်းကျင်ကုန်ကျသည်။ နွားမများသည် လာမည့် ၁၈ လတွင် ပထမဆုံးနွားငယ်ကိုမွေးဖွားပြီး နို့ထွက်မည်ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ**

တစ်ချိန်တစ်ခါက တောင်ကိုရီးယားသည်လည်း Heifer International ၏ အထောက်အပံ့ကို ရယူခဲ့ရသည်။ နွား ၁၀၁ ကောင်တွင် ၁ ကောင်ကို ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်း Andong မြို့ရှိ နို့စားမွေးမြူရေးခြံ လုပ်ကိုင်နေသူ Lee Jae-bok မှ

လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်များစွာက Heifer International မှ နို့စားနွားနှစ်ကောင်ကို သူရရှိခဲ့သည်။ "ကိုရီးယား ပြည်တွင်းစစ်ပွဲမှာ ကိုရီးယားရှိ နို့ထွက်ပစ္စည်းခြံများအားလုံး ပျက်စီးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့မှာ ဘာမှမကျန်ဘူး။ နွားနို့သောက်ဖို့ စိတ်ကူးတောင်မယဉ်နိုင်ဘူး" ဟု အသက် ၈၈ နှစ်ရှိပြီး ရှေ့မီနောက်မီသူ Lee Jae-bok က ပြောကြားသည်။

၁၉၅၀-၅၃ ကိုးရီးယားစစ်ပွဲ အရှိန်မြင့်ချိန်တွင် Heifer International သည် Noah's Ark for Korea ပရောဂျက်ကို စတင်ခဲ့သည်။ စစ်ဘေးသင့်နိုင်ငံသို့ နို့စားနွားမများပို့ပေးသည်။ ကောင်းမွန်သော အာဟာရရင်းမြစ်များကို ဖူလုံစေပြီး နို့ထွက်ပစ္စည်းလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။ ထိုစဉ်မှစ၍ ၁၉၇၆ ခုနှစ်အထိ ကိုရီးယားသည် နွားကောင်ရေ ၁,၀၀၀ ဝန်းကျင်လက်ခံရရှိခဲ့သည်။ “၁၉၆၉ ခုနှစ်မှာ တစ်ကောင်နဲ့ ၁၉၇၂ ခုနှစ်မှာ တစ်ကောင် နွားနှစ်ကောင်ရတယ်။ သူတို့ပေးတဲ့ အကူအညီက ကျွန်တော်တို့ရဲ့ မွေးမြူရေးလုပ်ငန်းကို ပြန်လည်နိုးထလာစေရန်အတွက် အခြေခံတစ်ခုဖြစ်ခဲ့ပါတယ်" ဟု Lee က ပြောကြားသည်။

ယခုအခါ သူ့ခြံမှာ နို့စားနွားမ အကောင် ၈၀ လောက်ခန့်ရှိသည်။ ကိုရီးယားသည် အစ္စရေး၊ အမေရိကန်၊ ကနေဒါနှင့် စပိန်တို့ပြီးလျှင် နို့ထွက်နှုန်းတွင် ကမ္ဘာ့အဆင့် (၅) နိုင်ငံဖြစ်လာသည်။ နီပေါကို နွားမလေးကောင် လှူဒါန်းခဲ့သည့် Immanuel Dairy Farm ပိုင်ရှင် Choi Chung-hee က သူ့မိသားစု ယခုလိုနေနိုင်ကြသည်မှာ တစ်ချိန်တုန်းက သူတို့မှာ ဘာဆို ဘာမှ မရှိချိန်တွင်သူ့အဖိုးက Heifer International ထံမှ နွားတစ်ကောင်ရခြင်းကြောင့် ဖြစ်သည်ဟု ပြောကြားသည်။ “ကျွန်တော်တို့ မိသားစုက တစ်နေ့ကျရင် ပြန်ဆပ်ရမယ့် အကြွေးတစ်ခုလို့ ယူဆတယ်။ အနှစ် ၆၀ ကြာခဲ့ပြီးချိန်မှာ ပေးလှူလို့ ရထားတဲ့ အရာကို ကျွန်တော်တို့ ပြန်ပေးလိုက်နိုင်တာကို တန်ဖိုးထားပါတယ်" ဟု သူက ပြောကြားသည်။

**နီပေါနိုင်ငံ**

နီပေါတွင် အဆိုပါနွားသိုးများကို အမျိုးသားမွေးမြူရေးလုပ်ငန်း မျိုးပွားရေး ရုံးခွဲတွင် ထားရှိမည်ဖြစ်ပြီး နို့စားနွားမ မွေးမြူသည့်သူ ၅၀၀,၀၀၀ အား အရည်အသွေးမြင့် သုတ်ရည်များကို နို့ထွက်ပစ္စည်းကဏ္ဍ တိုးတက်စေရန်အတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။ ယခုအခါ နီပေါတွင် နို့စားနွားမကောင်ရေ ၇.၅ သန်းခန့် မွေးမြူထားပြီး ကိုရီးယားတွင် ကောင်ရေ ၃၉၀,၀၀၀ ကျော်မျှသာရှိသည်။ သို့သော် စနစ်တကျအစီအစဉ်များ၊ မျိုးရိုးဗီဇအရင်းအမြစ်များနှင့် အစာကျွေးမှု ညံ့ဖျင်းခြင်းကြောင့် နီပေါ၏ နို့ထွက်နှုန်းမှာ နည်းပါးနေသည်။

နွားနို့အထွက်နှုန်းကို ယှဉ်ကြည့်လျှင် ပေးလှူသည့် နွားမတမ်းသည် တစ်နေ့လျှင် လီတာ ၃၀ ကျော်ထွက်ရှိသည်။ နီပေါရှိ နွားမျိုးကွဲများ၏ အထွက်နှုန်းထက် သုံးဆကျော်ထွက်ရှိခြင်းဖြစ်သည်။ နီပေါနိုင်ငံမျိုးရင်း နို့စားနွားတစ်ကောင်သည် တစ်နှစ်လျှင် ပျမ်းမျှ နို့ ၈၈၀ ကီလိုဂရမ်မျှသာ ထုတ်လုပ်နိုင်သည်။ မျိုးစပ်ထားသည့် နို့စားနွားတစ်ကောင်သည် တစ်နှစ်လျှင် ပျမ်းမျှ နို့ ၁၀,၀၀၀ ကီလိုဂရမ် ထုတ်လုပ်နိုင်သည်။ ရလဒ်မှာ နီပေါတွင် နို့ထွက်ပစ္စည်းထုတ်လုပ်မှု မလုံလောက်ချေ။ နို့ထွက်ပစ္စည်းများ တင်သွင်းပြီး ပြည်တွင်းဖူလုံရေးကို ဖြည့်တင်းပေးရသည်။

နီပေါနိုင်ငံတွင် ၂၀၂၀ ခုနှစ် လေ့လာမှုတစ်ခုအရ နီပေါနိုင်ငံသားတစ်ဦးသည် နှစ်စဉ် နို့နှင့်နို့ထွက်ပစ္စည်း ၇၂ လီတာ စားသုံးကြပြီး အကြံပြုထားသော လိုအပ်ချက်မှာ ၉၁ လီတာဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန၏ အဆိုအရ နီပေါသည် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် နို့တန်ချိန် ၂.၄၇ သန်း ထုတ်လုပ်ခဲ့သည်။

ကိုရီးယားမှ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် နို့ထွက်ပစ္စည်းပညာရှင်များသည် ပညာပေးဝေရေးနှင့် နောက်ဆက်တွဲ အကူအညီများပေးရန် Asiana Airlines ဖြင့် နီပေါနိုင်ငံသို့ လိုက်ပါသွားခဲ့သည်။ ကိုရီးယားနို့ထွက်ပစ္စည်း မွေးမြူရေး ခြံများမှ ဆက်စပ်အသိပညာများနှင့်နည်းပညာများကို နီပေါမှတာဝန်ရှိသူများနှင့် နို့စားနွားမွေးမြူသူများအား ပေးအပ်နိုင်ရန်လည်း ကိုရီးယားက စီစဉ်လျက်ရှိသည်။

နွား ၁၀၁ ကောင်ကို ၁,၀၀၀ နှင့် ၂,၀၀၀ အထိ တိုးလာစေရန်အတွက် လိုအပ်သည့် နည်းပညာပံ့ပိုးမှုများ ပေးအပ်မည်ဖြစ်သည်။ နီပေါနိုင်ငံသည် ယခုလို တိရစ္ဆာန်အခြောက်အခြားကို လက်ဆောင်အဖြစ် ပထမဆုံးအကြိမ်လက်ခံရရှိခြင်းဖြစ်သည်။

နွားမတင်း ၁၀၁ ကောင်အား နို့စားနွားမွေးမြူသူ ၅၀ ဦးထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ "မွေးကင်းစ နွားကလေးကို အနီးအနားက နွားခြံကိုပေးအပ်ပြီး မွေးမြူအသိပညာကိုပါ လက်ဆင့်ကမ်းပေးမယ့်သူတွေကိုသာ အဲဒီနွားမတင်းကို ပေးအပ်မှာဖြစ်ပါတယ်" ဟု Heifer Korea အကြီးအကဲ Lee Hae-won က ပြောကြားသည်။

**Source: Yonhap**

https://www.foodindustrydirectory.com.mm/food-industry/cuisine/korea.html

## STOCK EXCHANGE (27.12.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,279 (Shares) | 13,573,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 626 | 5,490,000 | 33,109,694 | 288,054 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 1,305 | 4,298,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 19,000 | +500 | +2.70% | 19,000 | 19,500 | 19,000 | 169 | 3,216,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 27 | 70,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 112 | 302,400 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,900 | 5,000 | 4,800 | 40 | 195,800 | 10,497,598 | 52,488 |


### Market summary

As of 27th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.62 | -0.07 | -0.02% | 392.40 | 393.11 | 391.19 | 2,279 | 13,573,050 | 7 | 681,264 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 2,279 (Shares) | 13,573,050 (MMK) |

### Main Board

As of 1:00 pm, 27th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,279 (Shares) | 13,573,050 (MMK) |

| MYANPIX | 391.62 ▼ 0.07 |
|---|---|
| Total Volume (shares) | 2,279 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,264 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |